7 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၆)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### ဖမ်းဆီးထိန်းသိမ်း ထောင်ချခံရသူ အရေအတွက်




ဖမ်းဆီးခံခဲ့ရသူများ
**၇,၈၇၆+**

ချုပ်နှောင်ခံထားရသူများ
**၆,၂၃၀+**

တိမ်းရှောင်နေရသူများ
**၁,၉၈၄+**

ထောင်ဒဏ် ချမှတ်ခံထားရသူများ
**၂၆၄+**

သေဒဏ် ချမှတ်ခံထားရသူများ
**၆၅+**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စက်တင်ဘာ ၄ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ စုစုပေါင်း ၇,၈၇၆ ဦးရှိခဲ့ပြီး ယခုအချိန်ထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၆,၂၃၀ ဦး၊ တိမ်းရှောင်နေရသူ ၁,၉၈၄ဦး၊ ထောင်ဒဏ်ချမှတ်ခံရသူ ၂၆၄ ဦးနှင့် သေဒဏ်ချမှတ်ခံရသူ စုစုပေါင်း ၆၅ ဦး အထိ ရှိလာသည်။ ထောင်ဒဏ်ချမှတ်ခံရသူ ၂၆၄ ဦးအနက် ၃၉ ဦးမှာ မျက်ကွယ်သေဒဏ် ချမှတ်ခံထားရပြီး မျက်ကွယ်သေဒဏ်အပါအဝင် မျက်ကွယ်ပြစ်ဒဏ် ချမှတ်ခံထားရသူ စုစုပေါင်း ၁၁၈ ဦး ရှိလာပါသည်။ ဩဂုတ် ၂၅ ရက်က ဖော်ပြခဲ့သော ကိန်းဂဏန်းများ (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၁ ကိုရှုပါ**) နှင့် နှိုင်းယှဉ်ပါက တပတ်အတွင်း ဖမ်းဆီးချုပ်နှောင်ခံရသူ ၄၃၆ ဦး တိုးလာပါသည်။

မှတ်ချက် - ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

7 September, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၆)

### စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

**သြဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၄ ရက်အထိ နေ့စဉ် ဖမ်းဆီးခံရသူအရေအတွက်**




စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် သြဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၄ ရက်အထိ ဖမ်းဆီးခံရသူ ၄၃၆ ဦးထက်မနည်း ရှိခဲ့ပါသည်။ ထိုပမာဏသည် လက်လှမ်းမီသမျှ ကိန်းဂဏန်းသာဖြစ်ပြီး ယခုထက် ပိုမိုများပြားနိုင်ပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် စက်တင်ဘာ ၄ ရက်အထိ ဖမ်းဆီးခံရသူစုစုပေါင်း ၇,၈၇၆ ဦးအထိ ရှိခဲ့ပြီး လက်ရှိအချိန်အထိ ချုပ်နှောင်ခံထားရသူ ၆,၂၃၀ ဦး ရှိပါသည်။

**မှတ်ချက် –** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီးပါဝင်ခြင်းမရှိဘဲကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

7 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၆)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### ဖမ်းဆီးခံထားရသူ ကျား-မ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် စက်တင်ဘာ၄ရက်အထိနိုင်ငံတဝန်းဖမ်းဆီးခံရသူစုစုပေါင်း၇,၈၇၆ဦးရှိခဲ့ပြီးယခုအချိန်အထိဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၆,၂၃၀ ဦးရှိပါသည်။ ၎င်းတို့အနက် စက်တင်ဘာ ၄ ရက်အထိ ရရှိထားသော အချက်အလက်များအရ ဖမ်းဆီး ချုပ်နှောင်ခံရသူ ၆,၂၃၀ ဦး အား ပိုင်းခြားစိစစ်ခဲ့ရာ ၄,၈၁၆ ဦး (၇၇ ဒသမ ၃၀ ရာခိုင်နှုန်း) မှာ အမျိုးသားများ၊ ၁,၄၀၇ ဦး (၂၂ ဒသမ ၅၈ ရာခိုင်နှုန်း) မှာ အမျိုးသမီးများဖြစ်ပြီး ၇ ဦး (၀ ဒသမ ၁ ရာခိုင်နှုန်း) မှာ LGBT များ ဖြစ်ပါသည်။

မှတ်ချက် - ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီးပါဝင်ခြင်းမရှိဘဲကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ် ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

7 September, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၆)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### ဖမ်းဆီးခံထားရသူ အမျိုးအစားများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် စက်တင်ဘာ ၄ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ စုစုပေါင်း ၇,၈၇၆ ဦးရှိခဲ့ပြီး ယခုအချိန်ထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ စုစုပေါင်း ၆,၂၃၀ ဦးရှိပါသည်။ ၎င်းတို့အနက် စက်တင်ဘာ ၄ ရက်အထိ ရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၆,၂၃၀ ဦး အား ပိုင်းခြားစိစစ်ခဲ့ရာ အများဆုံးမှာ အရပ်သားပြည်သူများဖြစ်ပြီး ၄,၅၂၆ ဦးအထိရှိသည်။ ဒုတိယအများဆုံးမှာ ကျောင်းသားများဖြစ်ပြီး ၅၄၅ ဦးအထိ ရှိနေပါသည်။

**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကိုအခြေခံ၍လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၆)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### နေရာဒေသအလိုက် ဖမ်းဆီးခံရသူများ




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် စက်တင်ဘာ ၄ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူများထဲတွင် အများစုသည် ရန်ကုန်တိုင်းတွင် နေထိုင်သူများဖြစ်သည်။ ဒုတိယအများဆုံးမှာ မန္တလေးတိုင်းဖြစ်သည်။ ဩဂုတ် ၂၅ ရက်က ဖော်ပြခဲ့သောကိန်းဂဏန်းများ (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၁ ကို ရှုပါ**) နှင့်နှိုင်းယှဉ်ပါက ရန်ကုန်တိုင်းတွင် ဖမ်းဆီးခံရသူ ၁၀၂ ဦးတိုးလာပြီး၊ မန္တလေးတိုင်းတွင် ဖမ်းဆီးခံရသူ ၇၀ ဦး တိုးလာပါသည်။ ထို့အပြင် ကယားပြည်နယ်တွင်လည်း ဖမ်းဆီးခံရသူ ၈၃ ဦး တိုးလာပါသည်။

* **အခြားဟူသည် အမည်နှင့်အရေအတွက် သိရှိရသော်လည်း မည်သည့်ဒေသ၌ အဖမ်းခံရသည်ကို အတည်မပြုနိုင်သေးသည့်သူများအား ဆိုလိုပါသည်။**

**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့် အချက်အလက်အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။ ထို့အပြင် ဖမ်းဆီးခံခဲ့ရသူများထဲတွင် ငွေဒဏ် (သို့မဟုတ်) ထောင်ဒဏ် ချမှတ်ခံရသူများ ပါဝင်သည်။ ဖမ်းဆီးခံခဲ့ရပြီး ချက်ချင်းပြန်လွှတ်ခဲ့သော ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၄၆)

## စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများကြောင့် ဖမ်းဆီးထောင်ချခံရသူများ

### တရားစွဲဆိုခဲ့သော ပုဒ်မများနှင့် အရေအတွက်

| | |
|---|---|
| ၁,၂၅၄ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲခံထားရသူများ |
| ၉၅ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၄၅ ဖြင့် တရားစွဲခံထားရသူများ |
| ၇၃ ဦး | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၄၃ ဦး | လက်နက် အက်ဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၄၂ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် တရားစွဲခံထားရသူများ |
| ၄၇ ဦး | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲခံထားရသူများ |
| ၄၅ ဦး | ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် တရားစွဲခံထားရသူများ |
| ၂၇ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၄ ဖြင့် တရားစွဲခံထားရသူများ |
| ၂၃ ဦး | ငြိမ်းစုစီဥပဒေ ပုဒ်မ ၁၉ဖြင့် တရားစွဲခံထားရသူများ |
| ၁၂ ဦး | ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၇ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၅ ဦး | အစိုးရလျှို့ဝှက်အက်ဥပဒေ ပုဒ်မ ၃၁(ဂ) ဖြင့် တရားစွဲခံထားရသူများ |
| ၃ ဦး | ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၂ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(ဂ) ဖြင့် တရားစွဲခံထားရသူများ |
| ၂ ဦး | ရာဇသတ်ကြီးပုဒ်မ ၂၁၆ ဖြင့် တရားစွဲခံထားရသူများ |
| ၂ ဦး | ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲခံထားရသူများ |

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း လက်ရှိအချိန်အထိ နိုင်ငံတဝန်း ဖမ်းဆီးခံရသူ ၆,၂၃၀ ဦး အနက် အများစုမှာ ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲဆိုခံထားရသည်။ ဒုတိယအများဆုံးမှာ ရာဇသတ်ကြီးပုဒ်မ ၁၄၅ ဖြစ်သည်။

**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့်အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။